# အာဆီယံ၏ ကျရှုံးမှု ၅ ချက်

နေ့စွဲ ။ ။ ၂၂၊ ဧပြီလ၊ ၂၀၂၂။

အာဆီယံ ခေါင်းဆောင်များနှင့် မြန်မာစစ်တပ်ခေါင်းဆောင်များအကြား သဘောတူညီခဲ့သော အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ ဘုံသဘောတူညီချက် ၅ ချက်သည် ကျရှုံးမှုတစ်ခုဖြစ်ပြီး ဆယ့်နှစ်လတာကြာသည်အထိ ၎င်းအား အကောင်အထည်ဖော်ရာတွင် သိသာသော တိုးတက်မှုမရှိသေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီက ပြောသည်။

ဘုံသဘောတူညီချက် ၅ ရပ်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့၌ ဂျာကာတာမြို့တွင် သဘောတူညီမှု ရရှိခဲ့သည်။ မြန်မာစစ်တပ်မှ တရားမဝင် အာဏာသိမ်းရန် ကြိုးပမ်းမှု နှစ်လတာကြာမြင့်ပြီးသည့်အချိန်ဖြစ်ပြီး မြန်မာနိုင်ငံသားများ၏ ဆက်လက်ခုခံတော်လှန်မှုများအပေါ် တုန့်ပြန်သည့်အနေဖြင့် တိုက်ခိုက်မှုများ ပြုလုပ်နေခဲ့သည့်အချိန်လည်း ဖြစ်သည်။

စစ်တပ်ခေါင်းဆောင် မင်းအောင်လှိုင်မှ သဘောတူညီခဲ့သည့် အချက်များမှာ အကြမ်းဖက်မှုများအား ချက်ချင်းရပ်တန့်ရန်၊ သက်ဆိုင်ရာအစုအဖွဲ့များအားလုံး အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ရန်၊ ဆွေးနွေးမှုများတွင် ကြားဝင်ကူညီဖြေရှင်းပေးရန်အတွက် အာဆီယံအသင်း ဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖွဲ့အား ခန့်အပ်ရန်၊ အာဆီယံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) မှ တစ်ဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးပေးရန်နှင့် အထူးကိုယ်စားလှယ်အဖွဲ့မှ သက်ဆိုင်ရာ အစုအဖွဲ့များအားလုံးနှင့် တွေ့ဆုံရန်အတွက် မြန်မာနိုင်ငံသို့ လာရောက်ရန်တို့ဖြစ်သည်။

ဘုံသဘောတူညီချက်အား သဘောတူလက်ခံပြီးသည့် အချိန်မှစ၍ မင်းအောင်လှိုင်သည် မြန်မာပြည်သူများအပေါ် စစ်ရေးတိုက်ခိုက်မှုများအား အရှိန်မြှင့်ခြင်း၊ နိုင်ငံရေးအတိုက်အခံသမားအများအား ဆက်လက်၍ ပစ်မှတ်ထားဖမ်းဆီးထိန်းသိမ်းခြင်း၊ လူသားခြင်းစာနာထောက်ထားမှု အထောက်အထားများအား အလိုအပ်ဆုံးနေရာများသို့ ပေးပို့ခြင်းကို ပိတ်ပင်တားမြစ်ခြင်း၊ အာဆီယံ ဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ၏ ရွေးကောက်ခံကိုယ်စားလှယ်များ၊ အခြားသက်ဆိုင်ရာအဖွဲ့များနှင့် တွေ့ဆုံမှုကို တားမြစ်ခြင်းများ ပြုလုပ်ခဲ့သည်။

**“စစ်အာဏာရှင်ဟာ ဘုံသဘောတူညီချက် ငါးရပ်ထဲက တစ်ချက်ကလေးကိုတောင် လိုက်နာခြင်း မရှိဘူး။ သဘောတူညီချက်က အလုပ်မဖြစ်တဲ့အတွက် အာဆီယံအနေနဲ့ ပြောင်းလဲမှုတစ်စုံတစ်ခုလုပ်ဖို့ လိုအပ်တယ်။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Marzuki Darusman က ပြောသည်။ **“လွတ်မြောက်ဖို့အတွက် အလွန်လိုလားနေတဲ့ မြန်မာနိုင်ငံရဲ့ ပြည်သူတွေဟာ ရှုရှားနဲ့ တရုတ်ရဲ့ ကျားကန်ပေးမှုကို ရရှိထားတဲ့ ပြည်တွင်းတပ်ဖွဲ့တွေက လက်နက်အင်အား၊ လူအင်အား နဲ့ ပြင်းထန်စွာတိုက်ခိုက်ခြင်း ခံနေရတယ်။ ဒါဟာ အာဆီယံရဲ့ ရည်ရွယ်ချက်များနဲ့ ဒေသတစ်ခုလုံးရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လက်ခံနိုင်စရာမရှိတဲ့ ခြိမ်းခြောက်မှုတစ်ခုပဲ။”**

စစ်အာဏာရှင်၏ တပ်ဖွဲ့များသည် ပြည်သူများအား လေကြောင်းဖြင့်တိုက်ခိုက်ခြင်း၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ အစုလိုက်အပြုံလိုက် လူသတ်ဖြတ်ခြင်း၊ ရိုက်နှက်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ညှဉ်းပမ်းနှိပ်စက်ခြင်းများအပြင် လူမှုအသိုင်းအဝိုင်း

တစ်ခုလုံးအပေါ် အစားအသောက်နှင့် ဆေးဝါးပံ့ပိုးမှုများအား ရည်ရွယ်ချက်ရှိရှိ ပိတ်ပင်ခြင်းများအား ပြုလုပ်ခဲ့သည်။ ရလဒ်အနေဖြင့် လူပေါင်းတစ်သန်း၏ ထက်ဝက်နီးပါး နေရပ်ပြောင်းခဲ့ကြရသည်။

တချိန်တည်းမှာပင် စစ်တပ်အပေါ် အင်အားကြီးကြီးမားမားဖြင့် ဆက်လက်ခုခံတော်လှန်နေခြင်းက စစ်တပ်အား နိုင်ငံရေးမှ လုံးဝဖယ်ရှင်းရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရန် ဒီမိုကရေစီအရေး တော်လှန်မှုအတွက် မြန်မာနိုင်ငံသားများကြား ချထားသည့် သန္နိဋ္ဌာန်၏ အင်အားကို ပြသနေသည်။

မြန်မာနိုင်ငံသားများအား ကိုယ်စားပြုဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ ပြည်နယ်အဆင့် ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ စသည့် အဖွဲ့အစည်းများသည် ထိုအနာဂတ်အား ပုံဖော်ရန် လုပ်ဆောင်လျက်ရှိသည်။

**"အာဆီယံ ဘုံသဘောတူညီချက်ငါးရပ်ဟာ အောင်မြင်မှုမရှိဘူး။ ဘာကြောင့်လဲဆိုတော့ အာဆီယံဟာ မှားယွင်းတဲ့ အဖွဲ့နဲ့ သွားပက်သက်ခဲ့တယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Yanghee Lee က ပြောသည်။ **"အမျိုးသားညီညွတ်ရေးအစိုးရဟာ မြန်မာနိုင်ငံကို ကိုယ်စားပြုပြီး အာဆီယံနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေလုပ်ဖို့ သင့်လျော်တဲ့ အဖွဲ့ဖြစ်တယ်။ အာဆီယံအနေနဲ့ အကျပ်အတည်းကို ဖြေရှင်းဖို့ တိုးတက်ပြောင်းလဲမှုလုပ်တဲ့အခါ လက်တွဲဆောင်ရွက်သင့်တဲ့ မိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်တယ်ဆိုတာကို အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့က ပြပြီးခဲ့ပြီ။"**

စစ်အာဏာရှင်အနေဖြင့် ဘုံသဘောတူညီချက်ငါးရပ်အား လိုက်နာခြင်းမရှိသည့်အတွက် အကျိုးဆက်အနေဖြင့် ၎င်းအား အာဆီယံအစည်းအဝေးသို့ တက်ရောက်ရန် ငြင်းပယ်ခြင်းကို ခိုင်မာစွာဆက်လက်ဆောင်ရွက်သွားရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ အာဆီယံအား တောင်းဆိုသည်။ ထို့အပြင် အာဆီယံအနေဖြင့် ဤအကျပ်အတည်းအား ဖြေရှင်းရန် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အတူတကွလက်တွဲပြီး လူသားချင်းစာနာထောက်ထားမှုနယ်စပ်ဖြတ်ကျော် အကူအညီများအား အရေးပေါ်ပံ့ပိုးပေးခြင်းဖြင့် စတင်သော လမ်းပြမြေပုံသစ်တစ်ခု ရေးဆွဲရန် တောင်းဆိုသည်။ နောက်ဆုံးအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း ပိုမိုဆိုးရွားလာသည့် အကျပ်အတည်းအား တုန့်ပြန်နိုင်ရန် နိုင်ငံတကာအရေးယူဆောင်ရွက်မှုများကို တာဝန်ယူလုပ်ဆောင်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ တောင်းဆိုသည်။

**"ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ အာဆီယံနဲ့ ၎င်းရဲ့ဘုံသဘောတူညီချက် ငါးရပ်ကို ကျောထောက်နောက်ခံ ပြုပေးထားတယ်။ ဒါပေမယ့် အာဆီယံနဲ့ သူ့ရဲ့သဘောတူညီချက်ဟာ အောင်မြင်မှုမရှိဘူး။ အခုဆိုရင် လုံခြုံရေးကောင်စီက ဦးဆောင်ဦးရွက်ပြုပြီးတော့ မြန်မာနိုင်ငံအတွင်း အဓိပ္ပာယ်ရှိတဲ့ ဆောင်ရွက်မှုတွေကို တာဝန်ယူလုပ်ဆောင်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိဘူး။"** ဟု မြန်မာနိုင်ငံအထူးအကြံပေးကောင်စီမှ Chirs Sidoti က ပြောသည်။ **"စစ်တပ်ရဲ့ အကြမ်းဖက်မှုတွေကို အဆုံးသတ်နိုင်ဖို့ နိုင်ငံတကာရဲ့ အရေးယူမှုတွေအတွက် မြန်မာနိုင်ငံပြည်သူတွေ တောင်းဆိုနေတာကို လုံခြုံရေးကောင်စီအနေနဲ့ ဆက်ပြီးလျစ်လျူရှုထားလို့ မရပါဘူး။"**